# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စက်မှုဝန်ကြီးဌာန
# စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
# "MSMEs Logo " ပြိုင်ပွဲဝင်လျှောက်လွှာခေါ်ယူခြင်း

၁။ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပလျက်ရှိသော ဒေသတွင်း ထုတ်ကုန်ပြိုင်ပွဲများမှ ဆုရလုပ်ငန်းရှင်များ၏ MSMEs ထုတ်ကုန်များတွင် တရားဝင် အသုံးပြုမည့် အသိအမှတ်ပြု အမှတ်တံဆိပ် (Logo) ကို ရွေးချယ်မည့် " MSMEs Logo " ပြိုင်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။

၂။ လျှောက်လွှာများကို ပေးသွင်းရမည့်အစီအစဉ်

(က) လျှောက်လွှာလက်ခံမည့်နေ့ရက်နှင့်အချိန် - ၂၆-၁၂-၂၀၁၈ ရက် မှ
၁၀-၁-၂၀၁၉ ရက် အထိ
နံနက် (၀၉:၃၀) နာရီမှ
ညနေ (၀၄:၃၀) နာရီအထိ

(သတ်မှတ်ချိန်ထက်နောက်ကျပေးပို့သည့်ပြိုင်ပွဲဝင်လျှောက်လွှာများသည် အကျုံးမဝင်ပါ)

(ခ) ပြိုင်ပွဲကျင်းပမည့်နေ့ရက်နှင့် အချိန် - ၁၅-၁-၂၀၁၉ ရက် (အင်္ဂါနေ့)
နံနက် (၀၉:၀၀) နာရီ

(ဂ) ပြိုင်ပွဲကျင်းပမည့်နေရာ - SME Center ၊ အမှတ်(၃၅)၊
ကျိုက်ဝိုင်းဘုရားလမ်းနှင့်မင်းဓမ္မလမ်းထောင့်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

(ဃ) လျှောက်လွှာတင်သွင်းရမည့် လိပ်စာ - MSMEs Logo ပြိုင်ပွဲကျင်းပရေးဘုတ်အဖွဲ့
ရုံးအမှတ်(၄၁)၊ ဇေယျာဌာနီလမ်း၊
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊
စက်မှုဝန်ကြီးဌာန၊နေပြည်တော်။
ဖုန်း-၀၆၇ -၃၄၀၈၁၂၈ ၊၀၆၇ -၃၄၀၈၀၆၅
ဖက်စ်-၀၆၇ -၃၄၀၈၁၂၈
smeagencymm@gmail.com,
disi@e.industry.gov.mm

၃။ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို(၂၄-၁၂-၂၀၁၈)ရက်မှစ၍ ရုံးအမှတ် (၄၁)၊ မူဝါဒနှင့်ပြည်ပရေးရာဌာန၊စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး www.myanmarsmegov.mm, www.industry.gov.mm, www.disi.gov.mm နှင့် https://m.facebook.com တို့တွင်လည်း download ရယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီး ဌာန(ရုံးချုပ်)ဖုန်း-၀၆၇ -၃၄၀၈၁၂၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ အမည်၊ဆက်သွယ်ရန်လိပ်စာ၊အီးမေးလ်နှင့်ဖုန်းနံပါတ်တို့ကို လျှောက်လွှာပုံစံ၌ ပြည့်စုံစွာဖြည့်စွက်၍ ပြိုင်ပွဲဝင်မည့် Logo (soft copy / hard copy) နှင့်အတူ အထက်ပါလိပ်စာသို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၁၀)ရက်၊ ညနေ(၀၄:၃၀)နာရီ နောက်ဆုံးထား၍ မှုကြမ်း ပေးပို့ရပါမည်။

၅။ ပြိုင်ပွဲဝင်ခွင့်ရမည့်သူများစာရင်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်(သောကြာနေ့)၌ www.myanmarsmegov.mm, www.industry.gov.mm, www.disi.gov.mm နှင့် https://www.facebook.com/SME-Development-Department-Ministry-of-Industry-Myanmar တို့တွင်ကြေညာပေးမည်ဖြစ်ပါသည်။

# "MSMEs Logo" ပြိုင်ပွဲလျှောက်လွှာပုံစံ

(MSMEs Logo ပြိုင်ပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်)

ဓါတ်ပုံ

| | | | |
|---|---|---|---|
| ၁။ | အမည် | - | --------------------------- |
| ၂။ | အဖအမည် | - | --------------------------- |
| ၃။ | နိုင်ငံသားစိစစ်ရေးကတ်အမှတ်/<br>အမျိုးသားမှတ်ပုံတင်အမှတ်/<br>Passport No.<br>(မိတ္တူပူးတွဲရမည်) | - | --------------------------- |
| ၄။ | အလုပ်အကိုင် | - | --------------------------- |
| ၅။ | ဆက်သွယ်ရန်လိပ်စာ | - | ---------------------------<br>--------------------------- |
| ၆။ | ဖုန်းနံပါတ် | - | --------------------------- |
| ၇။ | အီးမေးလ် | - | --------------------------- |

(လျှောက်ထားသူ၏ ထိုးမြဲလက်မှတ်)

# "MSMEs Logo" ပြိုင်ပွဲ သတ်မှတ်ချက်များ

## ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းထုတ်ကုန်ပြိုင်ပွဲများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပဆောင်ရွက်လျက်ရှိပြီး ပြိုင်ပွဲမှဆုရလုပ်ငန်းရှင်များ၏ထုတ်ကုန်များတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအသိအမှတ်ပြုအမှတ်တံဆိပ်(Logo) အသုံးပြုခွင့်ပေးမည်ဖြစ်သည်။ MSMEs Logo ပြိုင်ပွဲ ကျင်းပခြင်းဖြင့် အကောင်းဆုံးအသိအမှတ်ပြု Logo ကို ရွေးချယ်နိုင်ပြီး ဆုရရှိသော MSMEs Product များတွင် အသုံးပြုခွင့်ပေးခြင်းဖြင့် စားသုံးသူများ၏ ယုံကြည်မှုပိုမိုရရှိပြီး ဈေးကွက်ချဲ့ထွင်ရေးကို အထောက်အကူပြုရန်ရည်ရွယ်ပါသည်။

## ပြိုင်ပွဲဝင်အသိအမှတ်ပြု Logo ၏ အဆင့်အတန်း

- မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် MSMEs လုပ်ငန်းများ အရေးပါမှု/အရေးကြီးမှုသရုပ်သဏ္ဌာန်များပါဝင်ခြင်း
- မိမိကိုယ်တိုင် အသစ်တီထွင် ဖန်တီးပုံဖော်ထားသောဒီဇိုင်းဖြစ်ခြင်း(ရှိပြီး Logo ဒီဇိုင်းလုံးဝမဖြစ်ရပါ။)(Logo ဒီဇိုင်းအား စာသားသီးသန့်ဖြင့်သာ ပုံဖော်ထားခြင်း မဖြစ်ရပါ။)
- နိုင်ငံတကာအဖွဲ့အစည်းများတွင် အသုံးပြုလျှက်ရှိသော Logo များကဲ့သို့ နိုင်ငံတကာအဆင့်မီခြင်း
- အရောင်အသွေးညီညွတ်မှုရှိခြင်းနှင့်ဆွဲဆောင်မှုရှိခြင်း
- ပြိုင်ပွဲဝင် Logo ဒီဇိုင်းတွင်အသုံးပြုထားသော အရောင် (Colour)၊ သင်္ကေတ၊ ရုပ်ပုံ၊ အမှတ်အသား အားလုံး၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ပြည့်စုံစွာ ရှင်းလင်း မိတ်ဆက်နိုင်ခြင်း။

## ဆုချီးမြှင့်ခြင်း

ရွေးချယ်ခံရသည့်အကောင်းဆုံးLogo အတွက် အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ၁,၅၀၀,၀၀၀/-ကျပ် (တစ်ဆယ့်ငါးသိန်းကျပ်တိတိ) ဆုချီးမြှင့်မည်ဖြစ်ပါသည်။

## ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ

- ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။
- ပြိုင်ပွဲဝင်တစ်ဦးလျှင် Logo ပုံစံအများဆုံး(၂)မျိုးအထိ ပေးပို့နိုင်ပါသည်။
- JPEG (သို့) PNG Format ဖြင့်ပေးပို့ရပါမည်။ (ဆုရွေးချယ်ချီးမြှင့်ခံရသည့်အခါ ဆုရLogo ကို AI Format ဖြင့်ပေးပို့ရမည်ဖြစ်ပါသည်။)
- ပြိုင်ပွဲဝင်များသည် Logo ဒီဇိုင်း ကို Powerpoint ဖြင့် ရှင်းလင်းတင်ပြယှဉ်ပြိုင်ရမည်။

- Logo ဒီဇိုင်း သည် အရွယ်အစား ကြီးသည်ဖြစ်စေ၊ သေးငယ်သည် ဖြစ်စေ ပေါ်လွင်သော Logo ဒီဇိုင်း ဖြစ်ရမည်။
- ပြိုင်ပွဲကျင်းပရေးဘုတ်အဖွဲ့က အကောင်းဆုံး Logo ဒီဇိုင်း တစ်ခုကိုသာ ရွေးချယ်ဆုချီးမြှင့်မည်ဖြစ်သည်။
- ဆုချီးမြှင့်ရွေးချယ်ခံထားရသည့် Logo ဒီဇိုင်းကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီက မူပိုင်ခွင့်ရယူမည်ဖြစ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ အဖွဲ့အစည်းများမှ လိုအပ်သလိုအသုံးပြုခွင့်ရှိသည်။
- မူပိုင်ခွင့်ရယူပြီးနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဆုံးဖြတ်ချက်ဖြင့် Logo ဒီဇိုင်း၏ အရောင်ကိုဖြစ်စေ၊ အရွယ်အစားကိုဖြစ်စေ လိုအပ်သလို ပြုပြင်ပြောင်းလဲ အသုံးပြုမည်ဖြစ်သည်။